# စေတနာ ဒေါသ

26-05-2008

"ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်လိုက်ပြီ.." "ဒေါ်အောင်ဆန်းစုကြည် လေဘေးဒုက္ခသည် တွေကို အားပေးဖို့ ရောဂတီတိုင်းမှာ ရောက်နေပြီ.." စသည်ဖြင့် ကြားသိနေရပါတယ်။ အချို့ကဆိုရင် တကယ်ထင်ပြီး ဟိုပြောဒီပြောနဲ့ အတော်ကြီးကို ပြန့်နှံ့နေပါပြီ..။ မိမိထံလဲ အဲဒီသတင်းတွေ ရောက်လာပါတယ်။ မိမိအတွက်တော့ အတော် စိတ်ကသိကအောက် ဖြစ်ရတဲ့ ကောဠာဟလ-တစ်ပုဒ်ပါပဲ..။

"ဘာ့ကြောင့် ဒီလိုပြောရလဲ?" "ခင်ဗျားက ဒေါ်အောင်ဆန်းစုကြည်ကို မလွတ်စေချင် ဘူးလား?" လို့ ကရုဏာဒေါသောနဲ့ မေးကောင်းမေးပါလိမ့်မယ်..။ ဒေါ်အောင်ဆန်းစုကြည် ကို လွှတ်ရုံတင်မဟုတ်ဘူး..၊ ဗမာနိုင်ငံရဲ့ ဂုဏ်ရှိတဲ့ ခေါင်းဆောင်အဖြစ်ပါ မြင်ချင်ပါတယ်..။ ဒါဆို ဘာ့ကြောင့် စိတ်ကသိကအောက် ဖြစ်တယ်-လို့ ပြောရသလဲဆိုရင်တော့ ဗမာ ဖက်ဆစ် စစ်တပ်အကြောင်းကို သိနေလို့ပါပဲ..။

အခုသတင်းဟာ ပြည်သူတွေဖြစ်စေချင်တဲ့ ဆန္ဒအပေါ်အခြေခံပြီ ဖြစ်ပေါ်လာတဲ့ ပြည်သူတွေ ဖြစ်စေချင်တဲ့ ဆန္ဒ (Wishing Desire) ပါ..။ ကျနော်တို့ နားလည်ထားဖို့က ဖက်ဆစ်စစ်တပ်ထဲမှာရှိကြတဲ့ စစ်သားဆိုတာ လူ-မဟုတ်ဘူး-ဆိုတာပါပဲ..။ သူတို့ဟာ လူ့ စိတ်ဓါတ်မရှိတဲ့သူတွေပီပီ လူလို ဘယ်တုန်းကမှ မတွေးပါ..။ အဲဒီအတွက် ဘယ်အရာကို မဆို အကြမ်းဖက်မယ်..၊ ပစ်မယ်..၊ သတ်မယ်-ဆိုတဲ့ သဘောလောက်ပဲ သူတို့ သိကြပါ တယ်..။

လူသားဆန်တာတို့..၊ လူ့အခွင့်အရေးတို့-ဆိုတာ သူတို့အတွက် မဟုတ်ဘူး-လို့ ခံယူ ထားကြသူတွေပါ..။ အချို့က မေးကြပါတယ် "အဲဒီ စစ်သားတွေဟာ ဗုဒ္ဓဘာသာဝင်တွေ မဟုတ်လား" တဲ့..။ မိမိအနေနဲ့ အမြဲတမ်း "ဘာ ဘာသာဝင်မှ မဟုတ်ဘူး..၊ မိဘတောင် ပစ်ပယ်ထားတဲ့ ကောင်တွေ.." လို့ ရိုးရိုးလေးပဲ ဖြေပါတယ်..။ အဲဒီအခါ အမြဲတမ်း ပြန်မေးခံ ရတာကတော့ "ဘာဖြစ်လို့ အဲဒီလို ဖြေတာလဲ?" ဆိုတာပါပဲ..။

အဲဒီအခါမှာတော့ "ဗမာပြည် စစ်တပ်စခန်းတိုင်းမှာ ရေးထားတဲ့ ဆိုင်းဘုတ်ရှိတယ်..။ အဲဒါကတော့ "တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ"-တဲ့..။ ဒ့ါကြောင့် အဲဒီလို ပြော တာပါ.." လို့ ဖြေလိုက်တဲ့အခါ သူတို့မျက်နှာတွေ အံ့သြတုန်လှုပ်သွားကြတာကို တွေ့ရပါ တယ်..။

ဒီနေရာမှာ သာမန်ပြည်သူတွေက သူတို့ရဲ့ဆန္ဒကြောင့် ဒေါ်အောင်ဆန်းစုကြည် လွှတ်ပြီ-ဆိုတာလေးကို ကြားချင်တာ တကယ့်အမှန်တရားပါ..။ သို့သော် နိုင်ငံရေးလောက ထဲမှာ ကျင်လည်နေသူတယောက်အနေနဲ့ကတော့ စဉ်းစားချင့်ချိန်ဖို့ လိုပါတယ်..။ တကယ် တမ်းကျတော့ ဗမာပြည်ဟာ ကမ္ဘာပေါ်မှာ ဥပဒေစိုးမိုးမှု မရှိတဲ့ တခုတည်းသော နိုင်ငံ-တနိုင်ငံဖြစ်နေခဲ့တာ ၁၉၆၂-တော်လှန်ရေးကောင်စီတက်ပြီးချိန်ကစပြီး ယနေ့အချိန်ထိပဲ ဆိုရင် လွန်အံ့မထင်ပါ..။ ထားတော့ ဒီနေရာမှာ သမိုင်းကြောင်းပြန်လှန်နေတာ မဟုတ်တော့ စာရှည်သွားမှာ ကို စိုးရတယ်..။

ဒ့ါကြောင့် ဒီနေရာမှာ ဒေါ်အောင်ဆန်းစုကြည်-ကို ဖမ်းထားတာဟာ အပြစ်ရှိလို့လား-ဆိုတဲ့မေးခွန်းကို အမှန်အတိုင်းဖြေဖို့.. ဆန်းစစ်ဖို့ လိုပါတယ်..။ ပြီးခဲ့တဲ့ ၂၀၀၃-မေလမှာ ဒီပဲရင်းမြို့နယ်က ကျီရွာမှာ ဒေါ်အောင်ဆန်းစုကြည်ကို န အ ဖ-ကိုယ်တိုင် ဦးစီးပြီး အပြတ် ရှင်းဖို့ လုပ်ခဲ့ပါတယ်..။ ဒါပေမဲ့ ကံကောင်းထောက်မစွာ ဒေါ်အောင်ဆန်းစုကြည်ဟာ အသက်ဘေးက လွတ်မြောက်ခဲ့ပါတယ်..။ ဒါပေမဲ့ ဖက်ဆစ်တွေက ဒေါ်အောင်ဆန်းစုကြည် နဲ့အတူ အတော်များများကို ပြန်ပေးဆွဲထားခဲ့ပါတယ်..။ အခုချိန်ထိအောင်ပါပဲ..။

အကယ်၍သာ ဗမာပြည်မှာ တရားဥပဒေစိုးမိုးမယ်-ဆိုရင် တရားခံဘယ်သူလဲဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလှပါတယ်..။ ဒ့ါကြောင့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအရ အကျဉ်းကျခံနေကြရသူတွေဟာ ဖက်ဆစ်စစ်တပ်ရဲ့ ပြန်ပေးဆွဲ တာ ခံထားရတာပါ..။ သူတို့မှာ ဘာအပြစ်မှ မရှိပါဘူး..။

တကယ်တမ်းကျတော့ ဖက်ဆစ်တွေဟာ သူတို့လမ်းကို ဖြောင့်တန်းစွာ လျှောက် လှမ်းပါတယ်..။ ပြီးခဲ့တဲ့ ဘုန်းတော်ကြီးတွေ ဦးဆောင်တဲ့ ၂၀၀၇-ခုနှစ် စက်တင်ဘာ ရွှေဝါရောင် တော်လှန်ရေး..၊ အခု မေလ ၂-ရက်နေ့က

တိုက်ခိုက်ခဲ့တဲ့ မုန်တိုင်းဒဏ်ခံ ပြည်သူတွေအပေါ် ဆက်ဆံပြုမူပုံတွေဟာ ငြင်းမရတဲ့ သက်သေပါ..။ ဒါဟာ စစ်တပ်ရဲ့ ပကတိရုပ်လုံးပါ..။
ဒါ့ကြောင့် တော်လှန်ရေးနဲ့ ဆက်စပ်နေသူတွေအနေနဲ့ ဘာမဟုတ်တဲ့ သတင်းကို အဟုတ်ထင်နေမဲ့အစား အရေးအကြောင်းဆို ကျနော်တို့ ခေါင်းဆောင်တွေကို ဘယ်လို ကယ်ထုတ်ကြမလဲ-ဆိုတာကိုသာ စဉ်းစားသင့်ပါတယ်..။ တွေဝေမနေကြပါနဲ့..။ ဖက်ဆစ် စစ်တပ်ကတော့ ဒေါ်အောင်ဆန်းစုကြည်-အပါအဝင် ပြန်ပေးဆွဲခံထားရတဲ့ နိုင်ငံရေး အကျဉ်းသားအားလုံးကို သတ်ဖြတ်ဖို့ အဆင်သင့်ရှိနေတယ်-ဆိုတာကို သဘောပိုက်ထား ကြစေလိုကြောင်း စေတနာဒေါသနဲ့အတူ ရိုးသားပွင့်လင်းစွာ အသိပေးပါရစေ-ဟုသာ....

(မေ့မသည် အခမ့္ဘကို အောင်စမြဲ)
သကျကုလ
MSMA